မြန်မာပြည်၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာရှိ ရွှေပြည်သာ သာသနာတွင်အမှုတော်ထမ်းဆောင် သီတင်းသုံးလျှက်ရှိသော တရားဒေသနာဟောပြောသော သူတော်စင်များအသင်းဂိုဏ်း (Order of Preachers)အနေဖြင့် ၂၈၊ ၂၊ ၂၀၂၂ခုနှစ် (စနေနေ့)သည် အထူးဝမ်းမြောက်ဂုဏ်ယူရသောနေ့ရက်ဖြစ်ပါသည်။အကြောင်းမှာ အသင်းဂိုဏ်းဝင် ရဟန္တာရှင်သောမတ်(စ်)အကွိုင်းနပ်(စ်)ပွဲနေ့ ၂၈.၁.၂၀၂၂ (စနေနေ့)တွင် အသင်းဂိုဏ်းသို့ သာသနာအချို့မှလူငယ် (၆)ဦးသည် ဝင်ရောက်ပြီး သူတော်စင်ဘဝလမ်းကို ဒိုမိနီကန်သူတော်စင်တို့၏ကျင့်စဉ်အသက်တာဖြင့် မြည်းစမ်းလျှောက်လှမ်းရန် ဆုံးဖြတ်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။

ဂိုဏ်း၏အစဉ်အလာအရ ဝတ်ရုံသင်္ကန်းဆင်မြန်းပေးခြင်းသည် သစ္စာသုံးပါးခံယူခြင်းမဟုတ်ဘဲ ဒိုမိနီကန်အသင်းဂိုဏ်းသို့ ကိုရင်လောင်းများအဖြစ် လက်ခံကြိုဆိုခြင်း၏ အမှတ်လက္ခဏာသာဖြစ်ပါသည်။

ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ရွှေပြည်သာ သာသနာ၊ ရှင်ဂျဲမာဂါလ်ဂါးနီဘုရားကျောင်းတွင် ကျင်းပသော ဝတ်ရုံသင်္ကန်းဆင်မြန်းအခမ်းအနားသို့ ဒိုမိနီကန်ဘုန်းတော်ကြီး(၄)ပါးအပြင် ဧည့်သည်ဘုန်းတော်ကြီး (၂)ပါး၊သီလရှင်များနှင့် ရွှေပြည်သာသာသနာမှ ဘာသာဝင်အချို့တို့မှ ကြွရောက်ချီးမြှင့်ခဲ့ကြပါသည်။ ဤကဲ့သို့ ဒိုမိနီကန်ကိုရင်လောင်းများအား ဝတ်ရုံသင်္ကန်းဆင်မြန်းပေးခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်ထားပါသည်။

ဒိုမေနီကန်ဝတ်ရုံဆင်မြန်းခြင်းခံယူသော ကိုရင်လောင်းများမှာ

Bro. Peter ညီညီအောင်(OP)- မန္တလေးဂိုဏ်းချုပ်သာသနာ

Bro. Ephraim နေမျိုးသူ(OP)- လွိုင်ကော်ဂိုဏ်းအုပ်သာသနာ

Bro. John အိုင်သက်ရွှေဦး (OP)- တောင်ငူဂိုဏ်းအုပ်သာသနာ

Bro. Saw Neri(OP)-ရန်ကုန်ဂိုဏ်းချုပ်သာသနာ

Bro. Xaverio ဘိုဘို(OP)- တောင်ငူဂိုဏ်းအုပ်သာသနာ

Br. John နေဆန်း(OP)- ဖယ်ခုံဂိုဏ်းချုပ်သာသနာ တို့ဖြစ်ကြပါသည်။